# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

February 17 , 2022 Volume 51, Number 13

## ကရင်ပြည်နယ် ဆောင်းသီးနှံဖရဲစိုက်တောင်သူများအနေဖြင့် ပြည်ပစျေးကွက်အပြင် ဒေသတွင်းစျေးကွက်ကိုပါ အလေးထားစိုက်ပျိုးလျက်ရှိ

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ သမ္ဘာန်၊ ရွှေဂွန်း၊ ဂျို့ချောင်း၊ ကော့လုံစသည့် ကျေးရွာများ၌ ထိုင်ဝမ်ဖရဲမျိုးနှင့် ဂျပန်မျိုးဒေသအခေါ် ဒုံးကျည်မျိုးများကို ဖရဲစိုက်ခင်း တစ်ခင်းခူး တစ်ခင်းပြန်စိုက်သည့် စနစ်ဖြင့် ဆောင်းသီးနှံ ဖရဲစိုက်ခင်းများကို တွင်ကျယ်စွာကြိုးစား၍ စိုက်ပျိုးလုပ်ကိုင်နေကြသည်ကို တွေ့ရှိခဲ့ရသည်။

ဖရဲစိုက်တောင်သူများက ပြည်ပစျေးကွက်အနေဖြင့် တရုတ်နိုင်ငံကိုသာ အားထားနေကြရကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပစျေးကွက်ကို စိတ်ကူး၍မရကြောင်း၊ တရုတ်နိုင်ငံသို့တင်ပို့ရန်အတွက် ဖရဲသီးအဝယ်ဒိုင်များက မိမိတို့၏စိုက်ခင်းများအထိဆင်း၍ အခင်းပြတ်ဝယ်ယူမှုရှိနေကြောင်း၊ ဖရဲစိုက်ခင်းတစ်ဧကလျှင် ဖရဲပင်ပေါင်း ၂၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ပျိုးပင်ချစိုက်ပြီးချိန်မှစ၍ ၆၅ ရက်အတွင်း အသီးခူးဆွတ်ကြရကြောင်း၊ ဖရဲတစ်ပင်လျှင် အလုံးအရေအတွက်နှင့်အရွယ်အစား အပေါ်မူတည်၍ ငွေကျပ် ၁၀၀၀ မှ ၁၃၀၀ အတွင်းအပင်ပုတ်ပြတ်ဖြင့် ရောင်းချနေရကြောင်း တောင်သူများက ရှင်းပြသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဖရဲစိုက်ခင်းမြေအများစုမှာ မိုးရာသီတွင် မည်သည့်သီးနှံအမျိုးအစားမှ စိုက်ပျိုး၍မရအောင် ရေနစ်မြုပ်မှုရှိနေတတ်ပြီး ဆောင်းရာသီနှင့် နွေရာသီများတွင်သာ ဖရဲစိုက်ခင်းအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြရကြောင်း၊ ကားလမ်းမနံဘေး၌ တဲထိုး၍ဒေသထွက် ဖရဲသီးများအပြင် နေပြည်တော်နှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ရွှေသခွားမွှေးသီးများကိုလည်း မိမိတို့၏ဆိုင်တွင်ရောင်းချရာ ရောင်းကောင်းကြောင်း၊ ဒေသတွင်းစျေးကွက်၌ ရွှေသခွားမွှေးသီးတစ်လုံးကိုငွေကျပ် ၂၅၀၀၊ ဖရဲသီးတစ်လုံးကိုငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိရောင်းချရပြီး ဒေသတွင်း၌လည်း ဖရဲသီးစားသုံးသူမြင့်တက်လာသည့်အတွက် ပြည်တွင်းစျေးကွက်ကိုလည်း အားထားနေကြရကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/22225

## အခွန်လွတ်စနစ်နဲ့ ထိုင်းနိုင်ငံဘက်ကို မြန်မာ့ပြောင်းတွေ အမြောက်အများတင်ပို့နေ

မြဝတီနယ်စပ်ကနေတဆင့် ထိုင်းနိုင်ငံကို မြန်မာ့ပြောင်းတွေ အခွန်လွတ်စနစ်နဲ့ အမြောက်အများတင်ပို့နေပြီး ပြောင်းတစ်ပိဿာကိုခန့်မှန်းခြေ ကျပ် ၈၀၀ လောက်စျေးပေါက်နေတယ်လို့ ကုန်သည်တွေက ပြောပါတယ်။

| ၁၇.၂.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၈၇၅ US$ |
| မြန်မာ့ရွှေစျေး | = ၁၉၀၀၀၀၀ ကျပ် |
| ဒေါ်လာစျေး | = ၁၉၉၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၂၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ထိုင်းနိုင်ငံဟာ မြန်မာ့ပြောင်းတွေကို ဖေဖော်ဝါရီ ၁ ရက်ကနေ ဩဂုတ် ၃၁ အထိ အခွန်လွတ်စနစ်နဲ့ တင်သွင်းခွင့်ပြုထားပြီး ကျန်ကာလမှာတော့ သူတို့ဆီက တောင်သူ တွေကို ကာကွယ်ဖို့အတွက် ပြောင်းသွင်းကုန်ခွန်ကို ၇၃% အထိ သတ်မှတ်ကောက်ခံပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်ကနေစလို့ ပြောင်းတင်ပို့တဲ့ ကုန်ကားအစီးရေ ၁၀၀ ကျော် ထိုင်းဘက်ကိုသွားခဲ့ပြီး မြဝတီနယ်စပ်မြို့မှာလည်း ပြောင်းတွေကို သိုလှောင်နေကြပါတယ် လို့မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်အသင်းရဲ့ဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လက်ရှိ ၂၀၂၁-၂၀၂၂ ရာသီမှာ ပြောင်းတန်ချိန် ၁.၅ သန်း တင်ပို့ဖို့ မျှော်မှန်းထားပြီး အရင်နှစ် ၂၀၂၀-၂၀၂၁ ရာသီက ထိုင်းနိုင်ငံကို ပြောင်းတန်ချိန် ၁.၇ သန်းကျော် တင်ပို့နိုင်ခဲ့တယ်လို့ ဦးမင်းခိုင်ကပြောပါတယ်။

ဒေါ်လာနဲ့ယှဉ်ရင် ကျပ်ငွေတန်ဖိုး ကျနေတာနဲ့ ပြည်ပဝယ်လိုအားလည်း ကောင်းနေတာကြောင့် ပြောင်းဈေးမြင့်တက်နေပြီး ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပြောင်းတစ်ပိဿာကို ၈၂၀-၈၄၀ ကျပ်ဝန်းကျင် ရှိနေတယ်လို့ သိရပါတယ်။

အရင်ဘဏ္ဍာနှစ်က မြန်မာနိုင်ငံကနေပြည်ပကို ပြောင်းတန်ချိန် ၂.၃ သန်း တင်ပို့ခဲ့ရာမှာ ထိုင်းနိုင်ငံကို အဓိကအများဆုံး တင်ပို့ခဲ့ပြီး အဲဒီနောက်မှာတော့ တရုတ်၊ အိန္ဒိယနဲ့ ဗီယက်နမ်နိုင်ငံတွေဆီပါ တင်ပို့ခဲ့ပါတယ်။

**Ref: GNLM**

**Source: Current Content**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးတည်ငြိမ်နေ

**ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးများ ရိတ်သိမ်းမှုပြီးစီးပြီဖြစ်ပြီး၊ အချို့မြို့နယ်များတွင် နောက်ကျစိုက်စပါးများလည်း အနည်းငယ်ထွက်ရှိလာသည်။ ဈေးနှုန်းများမှာ မြို့နယ်အလိုက် ကွာခြားမှုရှိနေပါသည်။**

**မြောင်းမြခရိုင်အတွင်းရှိ ပေါ်ဆန်းစပါးဈေးနှုန်း ၅၂ ပေါင်(၁၀၅၀၀၀၀ိ/-)ဝန်းကျင်ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေးနှုန်း(၃၆၀၀ဝိ/-၃၈၀၀ဝိ/-) ဖြစ်သည်။ မနောသုခ၊ ဆင်းသုခစပါး ပေါင် ၅၀ ဈေးနှုန်း(၇၂၀၀၀ဝိ/-)၊ ဆန်တစ်အိတ်ဈေးနှုန်း (၂၄၀၀ဝိ/-၂၅၀၀ဝိ/-) ဖြစ်ပြီး၊အရောင်းအဝယ်အေးလျက်ရှိသည်။**

**ဟင်္သာတမြို့နယ်တွင် စပါးဈေးနှုန်း၄၆ပေါင် (၆၅၀၀၀ဝိ/-)၊ ပေါင် ၅၀ (၇၂၀၀၀ဝိ/-)နှင့် ဆင်းသုခ ဆန်တစ်အိတ်ဈေးနှုန်း ၂၄၅၀ဝိ/- ရှိနေပြီး၊ ဇလွန်မြို့နယ်တွင် ဆင်းသုခစပါးဈေးနှုန်း ပေါင် ၅၀ (၇၀၀၀၀ဝိ/-)၊ ဆင်းသုခ ဆန်တစ်အိတ်ဈေးနှုန်း (၂၅၀၀ဝိ/- )ဖြစ်သည်။**

**မအူပင်ခရိုင်တွင်မနောသုခပေါင်၅၀စပါးဈေးနှုန်း(၇၂၀၀၀ဝိ/- ၇၃၀၀၀ဝိ/-) ဖြစ်ပြီး၊ ဆင်းသုခ ဆန်တစ်အိတ်ဈေးနှုန်း (၂၅၀၀ဝိ/- ၂၆၀၀ဝိ/-) ဖြစ်သည်။ ပေါ်ဆန်းစပါး ၅၂ ပေါင်ဈေးနှုန်း (၉၈၀၀၀ဝိ/- ၁၀၀၀၀၀ဝိ/-)၊ ပေါ်ဆန်းဆန်တစ်အိတ်ဈေးနှုန်း(၃၈၀၀ဝိ/-၃၉၀၀ဝိ/-)ဖြစ်ပြီး၊ ရန်ကုန်သို့တင်ပို့ရောင်းချလျက်ရှိသည်။ နံ့ကားပေါင်၅၀စပါးဈေးနှုန်း(၆၇၀၀၀ဝိ/- ဖြစ်ပြီး၊ ဆင်းသုခတစ်အိတ်ဈေးနှုန်း(၂၂၈၀ဝိ/-) ဖြစ်သည်။ ဖျာပုံခရိုင်မှထွက်ရှိသောဆန်များကို တနင်္သာရီတိုင်း မြိတ်မြို့ရှိ ကုန်သည်များမှ ကမ်းရိုးတန်းသင်္ဘောများဖြင့် လာရောက်ဝယ်ယူမှု ပုံမှန်ရှိနေသည်။**

**ကျိုက်လတ်မြို့နယ်တွင် ပေါ်ဆန်းစပါး ၅၂ ပေါင်ဈေးနှုန်း (၁၀၇၀၀၀ဝိ/-)ဖြစ်ပြီး၊ ပေါ်ဆန်းဆန်၁အိတ်ဈေးနှုန်း (၃၈၀၀ဝိ/-)၊ ရက် ၉၀ စပါးဈေးနှုန်း ၅၀ ပေါင်(၇၁၀၀၀ဝိ/-)၊ သီးထပ်ရင် စပါးဈေးနှုန်း ၅၀ပေါင်(၇၈၀၀၀ဝိ/-)၊ သီးထပ်ရင် ဆန်ဈေးနှုန်း (၂၂၅၀ဝိ/-) အသီးသီးဖြစ်ပြီး၊ ဈေးကွက်အခြေအနေမှာ ယခုရက်ပိုင်းအတွင်း  မိုးစပါးအဝင်နည်းပါးလာသဖြင့် ယခင်စပါးဈေးများထက် အနည်းငယ်ဈေးတက်လာခဲ့ပြီး ဆန်ဈေးမှာ တည်ငြိမ်လျက်ရှိနေပါသည်။**

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## သီလဝါအထူးစီးပွားရေးဇုန်တွင် စက်ရုံ (၁၀၂) ခု လုပ်ငန်းများလည်ပတ်နေ

သီလဝါအထူးစီးပွားရေးဇုန်တွင် စက်ရုံ (၁၂၀) ကျော် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ စက်ရုံပေါင်း (၁၀၂) ခု လုပ်ငန်းများလည်ပတ် လုပ်ဆောင်နေပြီဖြစ်ကြောင်း မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ သတင်းများအရ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို ဇုန်(A) နှင့် ဇုန်(B)ဟူ၍ အကောင်အထည်ဖော်ဆောင်ရွက်နေရာ လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်(A)ကို အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ဇုန်(B)ကိုလည်း အပိုင်းလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဆောင်ရွက်မှုများအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်ထိ စက်ရုံပေါင်း (၁၂၂) ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁၄၉ သန်းကျော်ရှိနေပြီးဖြစ်ကြောင်း၊ လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေသည့် စက်ရုံများမှ စက်ရုံ ၁၀၂ ခု လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ကျောက်ဖြူ၊ ထားဝယ်နှင့်သီလဝါ ဟူသည့်အထူး စီးပွားရေးဇုန် သုံးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါအထူးစီးပွားရေးဇုန်များအနက် သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်းများအောင်မြင်စွာ လည်ပတ်နေ ပြီဖြစ်ကြောင်းသိရသည်။

မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေသည့် သီလဝါ၊ ကျောက်ဖြူနှင့်ထားဝယ် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါအထူးစီးပွားရေးဇုန် သုံးဇုန် ဖွံ့ဖြိုးတိုးတက်ရန်ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့များကို ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် စီမံခန့်ခွဲမှုကော်မတီများကိုလည်း ပြန်လည်ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်ဆိပ်ကမ်းကို တရုတ် (အနောက်/တောင်) ပြည်နယ်များနှင့် ချိတ်ဆက်မည့် ကုန်သွယ်လမ်းကြောင်းသစ်ဖောက်လုပ်ရန် ဆွေးနွေးမှုစတင်




နိုင်ငံတကာက ကုန်ပစ္စည်းတွေကို ရန်ကုန်ဆိပ်ကမ်းကတစ်ဆင့် နယ်စပ်ကိုဖြတ်သန်းပြီး တရုတ်နိုင်ငံတောင်ပိုင်းနဲ့ အနောက်ပိုင်းပြည်နယ်တွေထံ ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် ကုန်သွယ်ရေးလမ်းကြောင်းသစ်ဖောက်လုပ်ဖို့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

မနေ့ကပြုလုပ်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဦးအောင်နိုင်ဦးနဲ့ တောင်အာရှ အနာဂတ်ရင်းနှီးမြှုပ်နှံမှုအုပ်စု (SAFIG) တို့ တွေ့ဆုံမှုအတွင်း အထက်ပါအကြောင်းအရာကို ထည့်သွင်းဆွေးနွေးခဲ့ကြခြင်းလည်းဖြစ်ပါတယ်။ တွေ့ဆုံမှုအတွင်း ရေထွက်ပစ္စည်း၊ အိမ်ခြံမြေ၊ မြို့ပြအခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ အွန်လိုင်းကတစ်ဆင့် မြန်မာ့ထွက်ကုန်များရောင်းချရေးနဲ့ ကျောက်မျက်လုပ်ငန်းတို့မှာ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်သွားဖို့လည်း ဆွေးနွေးခဲ့ကြပါတယ်။

ပြီးခဲ့တဲ့နှစ် ဩဂုတ်လကုန်ပိုင်းမှာ တရုတ်နိုင်ငံဘက်ခြမ်းမှာ BRI စီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ချိတ်ဆက်ထားတဲ့ ရထားလမ်းကို ဖွင့်လှစ်ခဲ့ပါတယ်။ ထိုရထားလမ်းကို အသုံးပြုပြီး တရုတ်ယူနန်ပြည်နယ်အတွက် လိုအပ်တဲ့ကုန်စည်တွေကို မြန်မာဘက်ခြမ်း ရန်ကုန်ဆိပ်ကမ်းကတစ်ဆင့် ချင်းရွှေဟော်နယ်စပ်ကို ပို့ဆောင်ပြီး အဲဒီကနေ တရုတ်နိုင်ငံ၊ ချန်တူးမြို့သို့ သုံးရက်အတွင်း ပို့ဆောင်နိုင်မယ်လို့ သိရပါတယ်။


လက်ရှိ ကုန်သွယ်ရေးလမ်းကြောင်းသစ်ဖောက်လုပ်ဖို့ ဆွေးနွေးခဲ့တဲ့ South Asia Future Investment Group (SAFIG) အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွင်း ရင်းနှီးမြှုပ်နှံမှုပါဝင်မယ့်ကဏ္ဍ၊ ခရီးသွားတိုးတက်လာဖို့ အကောင်အထည်ဖော်မယ့်လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ဖို့လည်းရှိပါတယ်။

**Source: BETV Business**

## ဂျာမနီနိုင်ငံ၏ ထောပတ်သီးဈေးကွက်အား လေ့လာတင်ပြခြင်း

အီးယူဒေသသည် သစ်သီးဝလံစားသုံးမှု မြင့်မားလာသည်နှင့်အမျှ ထောပတ်သီးသည် ၂၀၁၈ ခုနှစ်ပိုင်းမှစ၍ ဝယ်လိုအားများစွာမြင့်တက်လာပြီး ဂျာမနီနိုင်ငံသည် ၂၀၂၀ခုနှစ်တွင် အီးယူဒေသ၌ ထောပတ်သီးစားသုံးမှုဒုတိယအများဆုံး နိုင်ငံအဖြစ်ရောက်ရှိခဲ့သည်။ ထောပတ်သီး၏ သိပ္ပံအမည်မှာ Persea americana ဖြစ်ပြီး Guatemalan, Mexican, West Indian နှင့် hybrids ဟူ၍ မျိုးအုပ်စုများ ခွဲခြားထားရှိသည်။ တောင်အမေရိက၊ အာဖရိက၊ အာရှအရှေ့အလယ်ပိုင်း၊ အမေရိကနှင့် ဩစတြေးလျနိုင်ငံများတို့တွင် စိုက်ပျိုးထွက်ရှိပါသည်။ ဈေးကွက်တွင် အဓိကရောင်းချနေသောအမျိုးအစားများမှာ Guatemala မှ Hass အမျိုး အစား ဖြစ်ပြီး အခြား Lavi Hass, Lamb Hass နှင့် Gem Hass တို့လည်း ဈေးကွက်ဝင်ရောက်လျှက်ရှိသည်။ ဂျာမနီနိုင်ငံတွင် Fuerte နှင့် Hass အမျိုးအစားနှစ်မျိုးကို ကြိုက်နှစ်သက်ကြပြီး ယခုနောက်ပိုင်းတွင် Hass ကို ပိုမိုနှစ်သက်လာကြသည်။ ထောပတ်သီးတွင် ပါဝင်သောအမျှင်ဓာတ်၊ ဗိုက်တာမင်နှင့်သတ္တုဓာတ်များ ပေါကြွယ်ဝမှုသည် ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုပါသည်။ ထောပတ်သီး လတ်ဆတ် သို့မဟုတ် အခြောက် နှစ်မျိုးလုံးအတွက် HS code 08044000 ကို အသုံးပြုသည်။ အီးယူဒေသသို့ အဓိကတင်ပို့နေသောနိုင်ငံများမှာ ပီရူးနှင့်တောင်အာဖရိကနိုင်ငံတို့ဖြစ်ကြပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသည့်ကာလအတွင်း ဈေးနှုန်းများကျဆင်းမှုက ဝယ်လိုအားတိုးတက်မှုကို ဖြစ်စေသည့်အတွက် ၂၀၂၀ ခုနှစ်တွင် အီးယူနိုင်ငံများက တန်ချိန် ၇၀၀,၀၀၀ တင်သွင်းမှုရှိခဲ့ပြီး တန်ဘိုးအားဖြင့် ယူရို ၁.၇ ဘီလီယံခန့်ရှိခဲ့ပါသည်။

**European import of avocados (import EU–27 + UK with non–European origin)**




Source: Eurostat / Market Access Database


### ဈေးကွက်ဝင်ရောက်မှုအခြေအနေ



အီးယူဒေသတွင် နယ်သာလန်နိုင်ငံသည် အီးယူဒေသသို့ အဓိက တစ်ဆင့်ဖြန့်ဖြူးသူအနေနှင့်ဆောင်ရွက်ပြီး ပြင်သစ်နိုင်ငံသည် ထောပတ်သီးဈေးကွက်တွင် ဦးဆောင်သူအဖြစ်ရှိနေပါသည်။ နယ်သာလန်ကုန်သည်များသည် ထောပတ်သီးရင့်မှည့်မှု၊ ထုပ်ပိုးမှုနှင့် ထောက်ပံ့ပို့ဆောင်မှုတို့တွင် ကျွမ်းကျင်သူများဖြစ်လာပြီး ဥရောပ လက်လီဈေးကွက်လိုအပ်ချက်အမျိုးမျိုးကို သိရှိပံ့ပိုးပေးနိုင်ကြပါသည်။ ဂျာမနီ၊ အီတလီနှင့် အခြားအရှေ့ဥရောပနိုင်ငံများသည် နယ်သာလန်နိုင်ငံ သို့မဟုတ် စပိန်နိုင်ငံတို့မှတဆင့် ဝယ်ယူမှုများပြုလုပ်ကြပါသည်။ ဂျာမနီနိုင်ငံတွင် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှုမရှိဘဲ တင်သွင်းစားသုံးမှုကိုသာပြုလုပ်ပြီး အချို့ကို အခြားဥရောပနိုင်ငံများ(ဆွစ်ဇာလန်၊ ဩစတြီးယား၊ လူဇင်ဘတ်၊ ဟန်ဂေရီစသည်) သို့ ပြန်လည်တင်ပို့မှုပြုလုပ်ပါသည်။ ကျန်းမာရေးကောင်းမွန်မှုအတွက် ထောပတ်သီးစားသုံးမှု မြင့်တက်လာလျှက်ရှိပြီး တစ်နိုင်ငံလုံးတစ်နှစ်စားသုံးမှု ခန့်မှန်းတန်ချိန် (၁၀၄၄၅၂) မက်ထရစ် တန်ရှိပြီး လူတစ်ဦး ပျမ်းမျှစားသုံးမှုမှာ ၁.၂၆ ကီလိုဂရမ်ရှိပါသည်။ ကိုဗစ်ကပ်ရောဂါ ကာလအတွင်း လက်ကားဈေးကွက်လမ်းကြောင်းများတွင် အခက်အခဲများဖြစ်ပေါ်ရမှုများကြောင့် စူပါမားကက်များက ဝယ်လိုအားအခြေအနေကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။ တစ်ဖက်တွင်လည်း ဓာတုဓာတ်ကြွင်းပါဝင်မှုများကို တင်းကြပ်စွာ စစ်ဆေးဆောင်ရွက်မှုရှိပါသည်။

ဂျာမနီနိုင်ငံတွင် ထောပတ်သီးကို ဈေးနှုန်းသင့်တင့်မှုရှိခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော သစ်သီးအနေဖြင့် စားသုံးကြခြင်းတို့ကြောင့် ၂၀၂၀ခုနှစ်အတွင်း အီးယူနှင့်အီးယူ ပြင်ပနိုင်ငံများမှ စုစုပေါင်းတန်ချိန် (၁၁၉၀၀၀) တင်သွင်းမှုရှိခဲ့သည်။ ဂျာမနီနိုင်ငံတွင် ထောပတ်သီး တင်သွင်းမှုဈေးနှုန်းများမှာ ၂၀၁၉ခုနှစ်တွင် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၃.၅၉ ဖြစ်ပါသည်။ ၂၀၂၂ခုနှစ်အတွင်း ပြည်တွင်းလက်ကားဈေးကွက်တွင် ပျမ်းမျှတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၄၅ ရှိပြီး တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၃.၇၄ မှ ၃.၅၂ အတွင်းရှိနေပါသည်။ အော်ဂဲနစ်စားသောက်ကုန်ဈေးကွက် တိုးတက်လာသည်နှင့်အတူ အော်ဂဲနစ်ထောပတ်သီးဈေးကွက် ဖွံ့ဖြိုးလာရန်လည်း ဆောင်ရွက်လျှက်ရှိပြီး Hass အမျိုးအစားကို ပိုမိုနှစ်သက်ကြပါသည်။ အီးယူနိုင်ငံများအလိုက် အီးယူပြင်ပနိုင်ငံများမှ ထောပတ်သီးတင်သွင်းမှုများကို အောက်ပါအတိုင်းလေ့လာနိုင်ပါသည်-

European import of avocados with non-European origin (in 1000 tons)




**ဈေးကွက်ဝင်ရောက်ရန်လိုအပ်ချက်များ**

United Nations Economic Commission for Europe (UNECE) ၏ စံနှုန်းသတ်မှတ်ချက်အရ ထောပတ်သီးကို Extra Class (superior quality)၊ Class I (good quality) နှင့် Class II (satisfies minimum requirements)ဟူ၍ သုံးမျိုးခွဲခြားထားရှိပါသည်။ လတ်ဆတ်အသီးများသည် ပိုးမွှားကင်းစင်ခြင်း၊ အပူချိန်နှင့်စိုထိုင်းဆများကြောင့် ထိခိုက်ပျက်စီးမှုမရှိခြင်း၊ ရိုးတံအညှာသည် ၁၀မီလီမီတာထက်မကျော်စေခြင်းတို့ဖြစ်ရန်လိုအပ်ပါသည်။ labelling ၊ packaging နှင့် အရည်အသွေးပိုင်းဆိုင်ရာများအတွက် Codex Alimentarius Standard အရ ဆောင်ရွက်ပါသည်။ စားသောက်ကုန်လုံခြုံစိတ်ချမှုသည် အီးယူဈေးကွက်အတွက် အဓိက အရေးကြီး သည့်အပိုင်းဖြစ်ပြီး General Food Law ကို ပြဌာန်းထားရှိကာ Regulation (EC) 178/2002 ကို လေ့လာနိုင်ပါသည်။ EU food safety policy အရ ညစ်ညမ်းပစ္စည်းပါဝင်မှု (contaminant) အတွက် EU Regulation (EC) 1881/2006 နှင့် microbiological criteria အတွက် Regulation (EC) 2073/2005 တို့ကို ပြဌာန်းထားရှိပါသည်။ ဂျာမနီနိုင်ငံတွင် အီးယူမှပြဌာန်းချက်များအပြင် နိုင်ငံအနေနှင့် ထပ်မံထုတ်ပြန်ချက်များလည်းရှိပြီး Maximum Residue Level (MRL)အတွက် လက်လီရောင်းဝယ်သူများက ဥပဒေပြဌာန်းချက်၏ ၃၀ ရာခိုင်နှုန်းကိုသာ ခွင့်ပြုခြင်းများရှိပါသည်။ Non-legislative requirement အနေနှင့် အီးယူနှင့်ဂျာမနီဈေးကွက်က Global G.A.P ကို လိုအပ်မှုရှိပြီး၊ စားသောက်ကုန်လုံခြုံစိတ်ချမှုပိုင်းအတွက် ISO22000 နှင့် IFS နှစ်မျိုးအနက် Union of German supermarket chains က ချမှတ်ဆောင်ရွက်သည့် IFS ကို ဂျာမန်စူပါမားကက်များက ပိုမိုနှစ်သက်ကြပါသည်။

**Ripening facilities နှင့် ready to eat စားသုံးမှုပုံစံ**

ယခုအခါ ထောပတ်သီးစားသုံးမှုများသည် ရင့်မှည့်၍ အရည်အသွေးကောင်းမွန်ပြီး လွယ်ကူအဆင်ပြေစွာ စားသုံးနိုင်သည့် 'ready to eat' ပုံစံစားသုံးမှုဆီသို့ တိုးတက်ပြောင်းလဲလာကြသည်။ စားသုံးသူများသည် လွယ်ကူစွာ ရွေးချယ်အသင့်စားသုံးနိုင်သည့် ထောပတ်သီးအမှည့်များအတွက် ပရီမီယံဈေးနှုန်းများပေး၍ ဝယ်ယူလိုကြပြီး တစ်ဖက်တွင်လည်း ပို့ကုန်



တင်ပို့သူများအနေဖြင့် သဘော်ာမတင်မီ အသီးရင့်မှည့်မှုအခြေအနေကို သေချာစွာစစ်ဆေးမှုပြုလုပ်ရန် အထူးလိုအပ်ပါသည်။ ထိုကဲ့သို့ အသီးရင့်မှည့်မှုစစ်ဆေးနိုင်သည့် အတွေ့အကြုံ နည်းလမ်းများ လျင်မြန်စွာတိုးတက်လာနေပြီး နည်းပညာများကိုလည်း ကောင်းစွာအသုံးချနိုင်ရန် ဆောင်ရွက်လာနေကြပါသည်။ ကုမ္ပဏီများက အသီးရင့်မှည့်မှုကို ဝန်ဆောင်မှုတစ်ခုအနေဖြင့် ပြုလုပ်လာကြခြင်း သို့မဟုတ် ရောင်းဝယ်သူများက ရင့်မှည့်မှုဆိုင်ရာ လုပ်ငန်းသုံးပစ္စည်း အသုံးအဆောင် များ(ripening facilities)ကို ပြုလုပ်ဆောင်ရွက်လာကြသည်။ ready-to-eat စားသုံးမှုပုံစံသည် ယူနိုက်တက်ကင်းဒမ်းနှင့်နယ်သာလန်နိုင်ငံတို့တွင် များစွာရေပန်းစားပြီး အခြားဥရောပနိုင်ငံများတွင်လည်း စတင်နေကြပြီဖြစ်သည်။ နယ်သာလန်နိုင်ငံမှ Nature's Pride ၊ LBP နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ Ripenow ကုမ္ပဏီတို့သည် ripening ကို အထူးပြုဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည်။ ဂျာမနီနိုင်ငံတွင်လည်း စူပါမားကက်များက 'ready to eat' Hass အမျိုးအစားထောပတ်သီးကိုရောင်းချရန် ပိုမိုနှစ်သက်ကြသည်။ မကြာသေးမီက ဂျာမနီနိုင်ငံ လက်လီအရောင်းဆိုင်လုပ်ငန်း Lidl က ဥရောပတွင်အကြီးဆုံး ripening facilities များ အနက်တစ်ခုကို နယ်သာလန်နိုင်ငံတွင် တည်ထောင်လုပ်ကိုင်ခဲ့ပြီး ထောပတ်သီး၊ ငှက်ပျောသီးနှင့်သရက်သီးတို့အတွက် နယ်သာလန်နိုင်ငံနှင့်ဘယ်လ်ဂျီယံနိုင်ငံတို့ရှိ ဖြန့်ဖြူးရေးစင်တာများသို့ ဝန်ဆောင်မှုပေးဆောင်ရွက်ပါသည်။

**နည်းပညာပိုင်းတိုးတက်ဆောင်ရွက်မှု**




ထောပတ်သီးအရည်အသွေးစစ်ဆေးခြင်းအတွက် နည်းပညာသစ်များ တိုးတက်လာရာတွင် Avos ဟု ခေါ်ဆိုသော အရည်အသွေးစစ်ဆေးပေးသည့်စက် (Artificial Intelligence- AI Device) သည် အသီးကိုထိခိုက်ပျက်စီးစေခြင်းမရှိဘဲ အရည်အသွေးစစ်ဆေး ကျွမ်းကျင်သူများအတွက် မြန်ဆန်ထိရောက်သောအချက်အလက်များကိုပံ့ပိုးပေးနိုင်ကာ အရည်အသွေးပိုင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ပါသည်။ Avos ကိုအသုံးပြု၍ အသီးရင့်မှည့်ကာလနှင့် ပို့ဆောင်သင့်သည့်ဖောက်သည် စသည်တို့ကို ခန့်မှန်းတွက်ချက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါနည်းပညာပိုင်း ပံ့ပိုးမှုများဖြင့် ready-to-eat စားသုံးမှုပုံစံကို များစွာအထောက်အပံ့ဖြစ်လာစေပါသည်။ Avos Device က ထောပတ်သီး၏ တွန်းကန်အား၊ အရောင် အဆင်းနှင့် အရည်အသွေးတို့ကို စက္ကန့်ပိုင်းအတွင်း တိုင်းတာပေးပြီး ချိတ်ဆက်ထားသော ကွန်ပြူတာတွင် အရည်အသွေးမှတ်တမ်းကို ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးပါသည်။

**မြန်မာနိုင်ငံမှ ဈေးကွက်ဝင်ရောက်နိုင်မှုအခွင့်အလမ်းများ**

မြန်မာနိုင်ငံအနေဖြင့် ထောပတ်သီးကို တရုတ်၊ထိုင်း၊ဟောင်ကောင်၊ရုရှားအစရှိသည့် နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ်ဂိတ်များမှတဆင့် တင်ပို့ရောင်းချနေမှုရှိပါသည်။ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းတည်ထောင်ထားရှိပြီးဖြစ်ကာ ဒေသမျိုးကိုင်းများနှင့် ပြည်ပမှတင်သွင်းလာသည့် Hass အမျိုး အစားမျိုးကိုင်းများကို စနစ်တကျပွားများ ဖြန့်ဖြူးထားနိုင်ပြီး ဈေးကွက်ဝင်အသီးများ ထွက်ရှိလာရေး ဆောင်ရွက်လျှက်ရှိနေခြင်းကြောင့် Hass အမျိုးအစားကို ပိုမိုကြိုက်နှစ်သက်မှုရှိသည့် အီးယူနှင့်ဂျာမနီနိုင်ငံဈေးကွက်များသို့ ဈေးကွက်လိုအပ်ချက်များနှင့် အညီ အရည်အသွေးမီစွာ ဝင်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ဂျာမနီနိုင်ငံသည် နယ်သာလန်နိုင်ငံကဲ့သို့သော အီးယူနိုင်ငံများမှ တင်သွင်းခြင်းရှိသလို အီးယူပြင်ပနိုင်ငံများမှ တိုက်ရိုက်တင်သွင်းမှုများလည်း ရှိလာနေပြီဖြစ်ပါသည်။ ဈေးကွက်ဝင်ရောက်မှုအတွက် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် စီးပွားရေးချိတ်ဆက် ဆောင်ရွက်မှုများရရှိနိုင်မည်ဖြစ်ရာ ဘာလင်မြို့တွင်ကျင်းပသည့် Fruit Logistica ပြပွဲနှင့် နူရင်ဘတ်မြို့တွင်ကျင်းပသည့် Biofach အော်ဂဲနစ်ပြပွဲများသို့ လာရောက်ပြသရန် သင့်တော်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**Sources: -**

**https://www.cbi.eu/market-information/fresh-fruit-vegetables/avocados/market-potential**

**https://www.experiencefruitquality.nl/**

**https://www.selinawamucii.com/insights/prices/germany/avocados/**

https://www.importpromotiondesk.de/fileadmin/user_upload/Publikationen/factsheet/obst_gemuese/avocado-in-germany.pdf

**သီတာဝင်းငွေ (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျာမနီ)**

## တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလဆန်း ကုန်သွယ်မှုအခြေအနေ




၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ကုန်သွယ်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ (၅၅.၃၂၁) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၆၀.၁၅၅) ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁၁၅.၄၇၆) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ရာ၊ ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် (၁၅.၂) ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် (၃၅.၃) ရာခိုင်နှုန်း တိုးတက်လျက်ရှိပါသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၄.၈၃၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်မှ (၁၀) ရက်နေ့အထိတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ကုန်သွယ်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ (၁၅.၆၉၆) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၁၉.၂၀.၃) ဘီလီယံ၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ (၃၄.၈၉၉) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ရာ၊ ဤလ၏ လဆန်း(၁၀) ရက်တာကာလ ကုန်သွယ်မှုအခြေအနေအား ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တွင်(၁၂.၆) ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် (၆.၆) ရာခိုင်နှုန်း လျော့နည်းလျက်ရှိပြီး၊ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၃.၅၀၇) ဘီလီယံ ဖြစ်ပေါ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်မှ (၁၀) ရက်အထိ Semiconductor (Chip)များ၊ ရေနံဓာတုထုတ်ကုန်များနှင့် ကွန်ပျူတာနှင့် ဆက်စပ်စက်ကိရိယာများတင်ပို့မှုမှာ (၇.၄) ရာခိုင်နှုန်း၊ (၂၇.၁) ရာခိုင်နှုန်းနှင့် (၂၉) ရာခိုင်နှုန်း အသီးသီးတိုးလာခဲ့ကြောင်း၊ မော်တော်ယာဉ်များ တင်ပို့ရောင်းချမှုသည် (၄၇.၅) ရာခိုင်နှုန်း၊ ကြိုးမဲ့ဆက်သွယ်ရေးကိရိယာ (၄၄.၂) ရာခိုင်နှုန်းနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ (၃၅.၂) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ထိုင်ဝမ်သို့တင်ပို့နိုင်မှု (၉.၁) ရာခိုင်နှုန်း တိုးတက်လာပြီး၊ စင်ကာပူနိုင်ငံသို့တင်ပို့နိုင်မှု (၂၆.၁)ရာခိုင်နှုန်း၊ တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှု (၃) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုသို့ (၁၇.၃) ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသို့ (၁၃.၄) ရာခိုင် နှုန်းနှင့် ဥရောပသမဂ္ဂသို့ (၃၃.၅) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ရေနံဈေးများ မြင့်တက်လာခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ လပေါင်း(၂၀)အတွင်း ပထမဆုံးအကြိမ် ကုန်သွယ်မှုလိုငွေပြခြင်း စတင်ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမ (၁၀ )ရက်တာအတွင်း ရေနံစိမ်း တင်သွင်းမှု (၁၁.၈) ရာခိုင်နှုန်း၊ ချစ်ပ်ပြား (Chips) (၁.၁) ရာခိုင်နှုန်း၊ ရေနံဓာတုပစ္စည်း (၈.၆) ရာခိုင်နှုန်းနှင့် မော်တော်ယာဉ် (၂၅.၈) ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဓာတ်ငွေ့နှင့် စက်ယန္တရားများ တင်သွင်းမှုမှာ (၃၃.၉) ရာခိုင်နှုန်းနှင့် (၁၁.၁) ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကုန်သွယ်ဖက်နိုင်ငံများထံမှ သွင်းကုန်တင်သွင်းမှုတွင် ဩစတြေးလျနိုင်ငံမှ သွင်းကုန်တင်သွင်းမှု (၁၁.၆) ရာခိုင်နှုန်းနှင့် ဆော်ဒီအာရေဗျနိုင်ငံမှ (၅၀.၄) ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး၊ တရုတ်နိုင်ငံမှတင်သွင်းမှုတွင် (၇.၃) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စု (၃၃) ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ (၁.၃) ရာခိုင်နှုန်းနှင့် ဥရောပသမဂ္ဂမှ (၁၂.၁) ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း စာရင်းအင်းအချက်အလက်များအရ လေ့လာသိရှိရပါသည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော် ဝါရီလဆန်းတွင် Luner New Year နှစ်သစ်ကူး ရုံးပိတ်ရက်ရှည်ကာလ ကျရောက်ခဲ့သဖြင့် အလုပ်လုပ်ရသည့်ကာလ လျော့နည်းခြင်းသည်လည်း ကုန်သွယ်မှုလျော့နည်းရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP Growth Rate) သည် ကိုဗစ်-၁၉ ဆိုင်ရာ စိန်ခေါ်မှုများရှိခဲ့သည့်တိုင် (၄) ရာခိုင်နှုန်းတိုးတက်ခဲ့ရာ၊ အချိန်တိုကာလအတွင်း အမြင့်ဆုံးနှုန်းဖြင့် စံချိန်တင်တိုးတက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ထို့ပြင် G-20 အဖွဲ့ဝင်နိုင်ငံများအကြား ကပ်ရောဂါကာလတွင် စီးပွားရေးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံအဖြစ် မှတ်တမ်း

တင်နိုင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းကို (၃) ရာခိုင်နှုန်းခန့် ဆက်လက်တိုးတက်နိုင်ရန် တောင်ကိုရီးယား ဗဟိုဘဏ်က ခန့်မှန်းလျာထားပါသည်။

**Source: Ministry of Trade, Industry and Energy of Korea (MOTIE)၊ Korea Customs**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့)**

## STOCK EXCHANGE (17.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,300 | 8,200 | 2,302 | 18,881,400 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 2,108 | 6,304,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +500 | +2.63% | 19,500 | 19,500 | 19,500 | 3 | 58,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,700 | 2,700 | 2,650 | 4 | 10,650 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 4,800 | -500 | -9.43% | 5,300 | 5,300 | 4,800 | 201 | 965,300 | 10,497,598 | 50,388 |

### Market summary

As of 17th Feb. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.97 | -4.21 | -1.10% | 382.65 | 384.18 | 379.26 | 4,618 | 26,219,850 | 7 | 661,004 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 17th Feb. 2022

| MYANPIX | 379.97 ▼ 4.21 |
|---|---|
| Total Volume (shares) | 4,618 |
| Total Value (MMK) | 26 mil |
| Listed Company | 7 |
| Market Cap. (MMK) | 661,004 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 500 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 500 |